KHRG Karen Human Rights Group
Documenting the voices of villagers in rural Burma

**Photo Set**
August 17, 2015 / KHRG #15-3-PS1

---

## ဒူးပလာယာ ဓါတ်ပုံမှတ်တမ်းသတင်း။ ။ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဝင်းရေးမြို့နယ် အတွင်းရှိ လမ်းဆောက်လုပ်မှုများ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ

ဤဓါတ်ပုံမှတ်တမ်းသတင်းသည် အာရှလမ်းမကြီးဆောက်လုပ်မှု၊ ခင်ဇော် ကုမ္ပဏီ၏ လမ်းဆောက်လုပ်မှုနှင့် ၎င်းတို့၏ နောက်ဆက်တွဲ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို ဖော်ပြထားခြင်းဖြစ်သည်။ ရွာသားများ၏ သက်သေခံ ထွက်ဆိုချက်များတွင် လမ်းဆောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲ မြေယာသိမ်းဆည်းမှုများကို ဖော်ပြထားသည်။ ဒူးပလာယာခရိုင်မှ ဂင်းရေးနှင့် ကော့ကရိတ်မြို့နယ်ရှိ ရွာသားများသည် ၂၀၁၄ နိုဂင်ဘာလ နှင့် ၂၀၁၅ ဇန်နဂါရီလအကြား လမ်းဆောက်လုပ်ခြင်းကြောင့်  ပျက်စီးဆုံးရှုံးသွားခဲ့သော ကောက်ပဲသီးနှံများနှင့် မြေယာများ အတွက် လျော်ကြေးငွေ ပြန်လည်ရရှိရန်ကြိုးစားလုပ်ဆောင်နေကြသော်လည်း မည်သည့်လျော်ကြေးငွေ တစ်စုံတစ်ရာမျှ ယနေ့ထက်တိုင် မရရှိခဲ့ပါ။

---

## ဓါတ်ပုံမှတ်တမ်းသတင်း။ ။ ကြာအင်းဆိပ်ကြီးမြို့နယ်နှင့် ဝင်းရေးမြို့နယ် အတွင်းရှိ လမ်းဆောက်လုပ်မှုများ၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၅ ခုနှစ် ဇန်နဝါရီလထိ

ဖော်ပြပါပုံများကို ဒူးပလာယာခရိုင်မှ ကရင်လူ့အခွင့်အရေးအဖွဲ့မှ လူ့အခွင့်အရေးအခြေအနေများကို လေ့လာစောင့်ကြည့်ရန် လေ့ကျင့်သင်ကြားပေးထားသော ဒေသတွင်းအဖွဲ့ဝင်မှ ရိုက်ကူးထားခြင်းဖြစ်ပါသည်။ လုံခြုံရေးအတွက် လိုအပ်သည့်နေရာတွင် ဆင်ဆာဖြတ်ထားပြီး အောက်ပါအတိုင်း၎င်းတို့ တင်ပြထားခြင်း ဖြစ်သည်။ အောက်တွင်ပြထားသောပုံ ၁၀ ပုံမှာ ဒူးပလာယာခရိုင်မှ ဖြစ်ပြီး ထိုဓါတ်ပုံများနှင့်အတူ ဓာတ်ပုံ ၄၅၀ ပုံ၊ ဗီဒီယိုဖိုင် ၈ခု၊ ဒူးပလာယာခရိုင်တွင်းရှိ ဒေသတွင်းနောက်ဆုံး အခြေအနေနှင့် ဖြစ်ရပ်ဆိုင်ရာ အစီရင်ခံစာ တစ်ခုပါဝင်သည့် ဒူးပလာယာခရိုင် အတွင်းမှ သတင်းအချက်အလက်များနှင့်အတူ လက်ခံ ရရှိထားသော  ပုံများဖြစ်သည်။

### ၁.အာရှလမ်းမကြီးဆောက်လုပ်ခြင်း







အထက်ပါပုံမှာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၁ရက်တွင် ရိုက်ကူးထားသောပုံများဖြစ်သည်။ လက်ဝဲဘက်ပုံသည် အသက် ၆၀နှစ် အရွယ်ရှိ ခ--- ကျေးရွာ၊ဝင်းရေးမြို့နယ်၊ ဒူးပလာယာခရိုင်တွင်း၌ နေထိုင်သော နော်က---- ၏ ပုံဖြစ်ပြီး လက်ယာဘက်ရှိပုံမှာ ၎င်း၏ စိုက်ခင်းများ၏ပုံ ဖြစ်သည်။ အာရှလမ်းမကြီး ဆောက်လုပ်ခြင်းကြောင့် သူမ၏ ကွမ်းသီး၊ အုန်းသီး၊ သရက် နှင့် ကျွဲကောပင်များ ပျက်ဆီးသွားခဲ့ရသည်။ သူမပြောကြားသည်မှာ သူမဆုံးရှုံးသွားခဲ့သောအရာများအတွက် မည်သည့်လျော်ကြေးငွေ တစ်စုံတစ်ရာမျှ မရရှိသေးပါ။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့)

## ၂.လမ်းဆောက်လုပ်ခြင်း






လက်ဝဲဘက်ရှိပုံသည် ဇန်နဝါရီလ ၂၂ ရက် ၂၀၁၅ခုနှစ်တွင် ဝင်းရေမြို့နယ်၊ ဒူးပလာယာခရိုင်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ထိုပုံတွင် ဖော်ပြထားသည်မှာ အာရှလမ်းမအား ဖြောင့်တန်းသွားစေရန် အတွက် တိုးချဲ့ ဆောက်လုပ်ထားသည့် ပုံဖြစ်သည်။ ထိုမြေနေရာတွင်တည်ရှိနေသော ဈေးဆိုင်ပိုင်ရှင်များမှာ လမ်းထပ်မံချဲ့ထွင်မည့်ကိစ္စနှင့် ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာမျှ မသိရှိခဲ့သောကြောင့် ဆိုင်များကို ရွှေ့ပြောင်းခြင်း မပြုဘဲ ထိုမြေနေရာတွင်ပင် နေထိုင်ခဲ့ကြသည်။ လမ်းဆောက်လုပ်ရေး လုပ်သားများသည် မြေသားများကို တဖြည်းဖြည်းချင်း ဆိုင်များ တည်ရှိရာနေရာသို့ သေချာစွာ တွန်းပို့လျက်ရှိပါသည်ဟု ထိုဆိုင်ရှင်များမှ ပြောခဲ့သည်။ ၎င်းတို့အနေနှင့် လျော်ကြေးငွေ မရလျှင် နေရာပြောင်းရွှေ့ပေးမည်မဟုတ်ဟု ရွာသားများမှ ပြောကြားပါသည်။ လက်ယာဘက်ရှိပုံကို ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၃၀ရက် တွင် ကြာအင်းဆိပ်ကြီး မြို့နယ်၊ ဒူးပလာယာခရိုင်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ဤဒေသ၏ အမည်မှာ လေးဒီးဖြစ်ပြီး ယ---နှင့် ဂ----ရွာအကြားတွင် တည်ရှိသည်။ ကြာအင်းဆိပ်ကြီးမြို့နယ် မှ ကျုံဒိုးမြို့နယ်သို့ သွားသောလမ်းကို ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၂၀ရက်နေ့တွင် ခင်ဇော်ကုမ္ပဏီမှ ပြုပြင်မှုများ စတင်လုပ်ဆောင်ခဲ့ပါသည်။ ဤသို့ လမ်းကို ပိုမိုတိုးတက်အောင်လုပ်ဆောင်သည်ဟု

ဆိုပြားသော်လည်းဒေသခံတို့၏မြေယာများကို ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေခဲ့သည်။ ပုံတွင်တွေ့ရသောအုန်းပင်မှာ လမ်းဆောက်လုပ်မည့် မြေနေရာအပေါ်တွင်ရှိနေသည့်အတွက် ဖျက်စီးခံရတော့မည်ဖြစ်ပြီး များစွာသောကွမ်းသီးပင်များမှာလည်း ဖျက်ဆီးခံခဲ့ရပြီးဖြစ်သည်။ မြေပိုင်ရှင်များမှာ မည်သည့်လျော်ကြေးငွေ တစ်စုံတစ်ရာမျှမရရှိခဲ့သေးပါ။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့)

## ၃.လမ်းဆောက်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော မြေယာသိမ်းဆည်းမှုများ




လက်ဝဲဘက်ရှိပုံသည် ဇန်နဝါရီလ ၂၂ရက် ၂၀၁၅ခုနှစ်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ပုံတွင်ဖော်ပြသည်မှာ စ----ကျေးရွာ၊ အနမ်းကွင်းကျေးရွာအုပ်စု၊ ဒူးပလာယာခရိုင်၊ ဂင်းရေမြို့နယ်တွင် နေထိုင်သော စော င---၏ အမျိုးသမီးပုံ ဖြစ်သည်။ အာရှလမ်းမဆောက်လုပ်ခြင်းကြောင့် သူမ၏အိမ် နှင့် မြေများဆုံးရှုံးသွားခဲ့ရသည်။ ရွာသားများတင်ပြသည်မှာ အမည်မသိသော စီးပွားရေးသမားများသည် မြေများကို ပိုမိုမြင့်မားသော ဈေးနှုန်းဖြင့်ပြန်လည် ရောင်းချပါသည်။ လက်ယာဘက်ရှိပုံကို ၂၀၁၅ခုနှစ် ဇန်နဝါရီလ ၂၂ရက်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ရိုက်ကူးထားခြင်းဖြစ်သည်။ ပုံတွင်ဖော်ပြသည်မှာ ဒူးပလာယာခရိုင်၊ ဂင်းရေးမြို့နယ်၊ အနမ်းကွင်းကျေးရွာအုပ်စု၊ စ----ကျေးရွာ၌ နေထိုင်သော စော ဆ-----၏ပုံဖြစ်သည်။ အာရှလမ်းဆောက်လုပ်ခြင်းကြောင့် သူသည်လည်းအိမ် နှင့်ဈေးဆိုင်မြေနေရာများကို ဆုံးရှုံးခဲ့ရသည်။
(ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့)

## ၄.လမ်းဆောက်လုပ်ခြင်း











အပေါ်-လက်ဝဲဘက်နှင့် အပေါ်-လက်ယာဘက် ပုံများကို ၂၀၁၅ခုနှစ် ဇန်နဂါရီလ ၂၃ရက်တွင် ရိုက်ကူးထားခြင်း ဖြစ်သည်။ ဤပုံများသည် ဒူးပလာယာခရိုင်၊ ဂင်းရေမြို့နယ်တွင် ဇ----ရွာမှ ဈ---ကျေးရွာသို့ဆက်သွယ်ထားသော လမ်းကို ရွာသားများကိုယ်တိုင် ပြန်လည်ပြုပြင်နေသည့်ပုံဖြစ်သည်။ အောက်-လက်ဝဲဘက်ပုံရှိပုံကို ၂၀၁၄ခုနှစ် နိုဝင်ဘာလ ၃၀ရက်တွင် ရိုက်ကူးထားခြင်း ဖြစ်သည်။ ပုံသည် ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီး မြို့နယ် ည----ကျေးရွာမှ ဖြစ်ပြီး ဂ-----ကျေးရွာနှင့် ဃ-----ကျေးရွာအကြားတွင် တည်ရှိပြီး ခင်ဇော် ကုမ္ပဏီမှ ဆောက်လုပ်ထားသော လမ်းပုံဖြစ်သည်။ ၎င်းသည် ဒေသခံများ၏ နမ်းနှင့်ရော်ဘာ စိုက်ခင်းအချို့ကို ပျက်စီးစေခဲ့သည်။ စိုက်ခင်းပိုင်ရှင်မှ ပြောကြားခဲ့သည်မှာ အနည်းဆုံးလျော်ကြေးငွေ ပေးသင့်ပြီး အကယ်၍ မပေးခဲ့သော် ဤကိစ္စကို သက်ဆိုင်ရာသို့ တိုင်ကြားသွားမည်ဖြစ်သည်။ သူ့အနေနှင့် မည်သည့် လျော်ကြေးငွေမှ မရရှိသေးပါ။ “ဒါကတော့ ကျွန်တော်တို့ရဲ့ အခွင့်အရေးကို ထိခိုက်နေတာပဲ” ဟု အောက်-လက်ဝဲဘက်ပုံတွင် မတ်တက်ရပ်လျက် နေသောသူမှ ပြောခဲ့ပါသည်။ အောက်-လက်ယာဘက်ရှိပုံကို ဖေဖော်ဂါရီလ ၇ရက် ၂၀၁၅ခုနှစ်တွင် တ---ကျေးရွာ ဒူးပလာယာခရိုင်၊ ကြာအင်းဆိပ်ကြီး မြို့နယ်တွင် ရိုက်ကူးထားခြင်းဖြစ်သည်။ ၂၀၁၄ခုနှစ်တွင် အမည်မသိ တရုပ် ကုမ္ပဏီ တစ်ခုမှ လာရောက်၍ ဆေးခန်းတစ်လုံးကို ရွာသားများအတွက် ဆောက်လုပ်ပေးခဲ့သည်။ သို့သော် မည်သူတစ်ဦး တစ်ယောက်မှ အသုံးမပြုကြသေးပေ။ ၂၀၁၅ခုနှစ်အတွင်းတွင် ထိုဆေးခန်းကို ဖွင့်လှစ်မည်ဖြစ်ပြီး ရွာသားများအတွက် ဆေးဝါးကုသမှုကို လုပ်ဆောင်ပေးမည် ဖြစ်သည်။ (ဓာတ်ပုံ-ကရင်လူ့အခွင့်အရေးအဖွဲ့)

Further background reading on the situation in Dooplaya District can be found in the following KHRG reports:

- *'With only our voices what can we do?': Land confiscation and local response in southeast Myanmar,* (June 2015)
- Press Release: *'With only our voices what can we do?': Land confiscation and local response in southeast Myanmar,* (June 2015)
- "Dooplaya situation update: Kyainseikgyi Township, December 2014," (June 2015)
- "Dooplaya interview: Saw A---, April 2014," (June 2015)
- "Dooplaya short update: Kyonedoe Township, February 2014," (June 2015)